# ကလေးသူငယ် ဥပဒေ

# THE CHILD LAW

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# ကလေးသူငယ်ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/၉၃)

၁၃၅၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်

(၁၉၉၃ ခုနှစ် ဇူလိုင်လ ၁၄ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကလေးသူငယ်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) ကလေးသူငယ် ဆိုသည်မှာ အသက် ၁၆ နှစ် မပြည့်သေးသောသူကို ဆိုသည်၊

(ခ) လူငယ် ဆိုသည်မှာ အသက် ၁၆ နှစ်ပြည့်ပြီး အသက် ၁၈ နှစ် မပြည့်သေးသောသူကိုဆိုသည်၊

(ဂ) ကော်မတီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ အမျိုးသားကော်မတီကို ဆိုသည်၊

(ဃ) ကာကွယ် စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ် ဆိုသည်မှာ ပုဒ်မ ၃၂ တွင် ဖော်ပြပါရှိသော ကလေးသူငယ်ကို ဆိုသည်၊

(င) ကလေးသူငယ်မှုခင်း ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ကလေး သူငယ်အား ကလေးသူငယ် တရားရုံးသို့ တရားစွဲဆိုတင်ပို့သော ပြစ်မှုကို ဆိုသည်၊

(စ) ကလေးသူငယ်တရားရုံး ဆိုသည်မှာ ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့် အာဏာအပ်နှင်းခြင်းခံရသော တရားသူကြီးရုံးထိုင်သည့် တရားရုံးကို ဆိုသည်၊

(ဆ) အုပ်ထိန်းသူ ဆိုသည်မှာ ဥပဒေအရဖြစ်စေ၊ လူမှုဝတ္တရားအရဖြစ်စေ ကလေးသူငယ်အား အုပ်ထိန်းသူကို ဆိုသည်၊

(ဇ) စောင့်ရှောက်သူ ဆိုသည်မှာ ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်အား ဤဥပဒေနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ထားရန် တာဝန်ယူသူကို ဆိုသည်၊

(ဈ) သင်တန်းကျောင်း ဆိုသည်မှာ ဤဥပဒေအရ ပို့အပ်သည့် ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ် သို့မဟုတ် ပြစ်မှုကျူးလွန်သော ကလေးသူငယ်အား ထိန်းသိမ်းစောင့်ရှောက်ထားရန် လူမှုဝန်ထမ်းဦးစီးဌာနက တည်ထောင်ထားသော သင်တန်းကျောင်း ကို ဆိုသည်၊ ယင်းစကားရပ်တွင် လူမှုဝန်ထမ်းဦးစီးဌာနက သင်တန်းကျောင်းအဖြစ် အသိအမှတ်ပြုထားသော ဂေဟာလည်း ပါဝင်သည်၊

(ည) ဂေဟာ ဆိုသည်မှာ ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်ကို ထိန်းသိမ်း စောင့်ရှောက်ထားရန် ရည်ရွယ်ချက်ဖြင့်

စေတနာ့ဝန်ထမ်းပုဂ္ဂိုလ် သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့ အစည်းက တည်ထောင်သော ဥပစာ၊ ကျောင်း၊ ရိပ်သာ သို့မဟုတ် ဌာနကို ဆိုသည်၊

(ဋ) ယာယီစောင့်ရှောက်ရေးစခန်း ဆိုသည်မှာ ပြစ်မှု ကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို အမှုစုံစမ်း စစ်ဆေးဆဲကာလ အတွင်း ယာယီထိန်းသိမ်းစောင့်ရှောက်ထားရန် လူမှုဝန်ထမ်းဦးစီး ဌာနက တည်ထောင်ထားသော ယာယီစောင့်ရှောက်ရေး စခန်းကို ဆိုသည်။ ယင်းစကားရပ်တွင် လူမှုဝန်ထမ်းဦးစီးဌာနက ယာယီ စောင့်ရှောက်ရေး စခန်းအဖြစ် အသိအမှတ်ပြုထားသော ဂေဟာ လည်းပါဝင်သည်၊

(ဌ) ကလေးသူငယ် ကြီးကြပ်သူ ဆိုသည်မှာ ´ကလေးသူငယ် ကြီးကြပ်သူအဖြစ် ဤဥပဒေအရ တာဝန်ပေးအပ်ခြင်း ခံရသူကို ဆိုသည်၊

(ဍ) ဝန်ကြီးဌာန ဆိုသည်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို ဆိုသည်၊

(ဎ) ဝန်ကြီး ဆိုသည်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်၊

(ဏ) ညွှန်ကြားရေးမှူးချုပ် ဆိုသည်မှာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်ကို ဆိုသည်၊

(တ) လူမှုဝန်ထမ်းအရာရှိ ဆိုသည်မှာ ဤဥပဒေပါ လူမှုဝန်ထမ်းအရာရှိ ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်း ခံရသော လူမှုဝန်ထမ်းဦးစီးဌာနမှ အရာရှိ သို့မဟုတ် ပုဒ်မ ၆၀ အရ တာဝန်ပေးအပ်ခြင်း ခံရသူကို ဆိုသည်။

# အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာအောက်ပါအတိုင်း ဖြစ်သည်-

(က) ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းပါ ကလေးသူငယ်၏ အခွင့်အရေးများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ခ) ကလေးသူငယ်၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊

(ဂ) ကလေးသူငယ်များသည် ယင်းတို့၏ အခွင့်အရေးများကို ဥပဒေနှင့်အညီအပြည့်အဝခံစားနိုင်ရေးအတွက် ကာကွယ် စောင့်ရှောက်ရန်၊

(ဃ) နိုင်ငံတော်၏ ဓနအင်အားပေါ်မူတည်၍ ကလေးသူငယ်များ အတွက် အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးရန်၊

(င) ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ်များကို နိုင်ငံတော်၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ် သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းက ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊

(စ) ကလေးသူငယ်မှုခင်းကို သီးခြားစစ်ဆေးစီရင်၍ ပြစ်မှုကျူးလွန်သော ကလေးသူငယ်၏ အကျင့်စာရိတ္တ ပြုပြင်ရေးကို ဦးတည် ဆောင်ရွက်ရန်။

# အခန်း (၃)

## ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည်—

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကလေးသူငယ်အခွင့် အရေးများဆိုင်ရာ အမျိုးသားကော်မတီကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်—

| | | |
|---|---|---|
| (၁) | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ အကြီးအကဲများ | အဖွဲ့ဝင်များ |
| (၃) | ကလေး သူငယ်များ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်လျက်ရှိသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၄) | ကလေး သူငယ်များ အရေးကို စိတ်ပါဝင်စားသည့် စေတနာ့ ဝန်ထမ်းပုဂ္ဂိုလ်များ | အဖွဲ့ဝင်များ |
| (၅) | ဥက္ကဋ္ဌကတာဝန်ပေးအပ်သူ ... | အတွင်းရေးမှူး |

(ခ) ကော်မတီ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးနိုင်သည်၊

(ဂ) ကော်မတီ၏ သက်တမ်းကို သတ်မှတ်နိုင်သည်။

# အခန်း (၄)

## ကော်မတီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကလေးသူငယ်၏ အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ခြင်း၊

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက ထိရောက်အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန် လိုအပ်သော လမ်းညွှန်မှုများ ချမှတ်ပေးခြင်း၊

(ဂ) ကလေးသူငယ်နှင့်ပတ်သက်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်များနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ တိုးတက်မှု အခြေအနေကို အခါအားလျော်စွာ စိစစ်သုံးသပ်ခြင်း၊

(ဃ) ကလေးသူငယ်အကျိုးအတွက် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ် သို့မဟုတ် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီနှင့် ပူးပေါင်းဆောင်ရွက်မှုကို ရယူခြင်း၊

(င) ပြည်တွင်းပြည်ပ စေတနာရှင်များထံမှ လှူဒါန်းငွေများ၊ ပစ္စည်းများ လက်ခံရယူရေးနှင့် ယင်းလှူဒါန်းငွေများ၊ ပစ္စည်းများကို ကလေးသူငယ်များ အကျိုးစီးပွားအတွက် ထိရောက်စွာ အသုံးပြုစေရေးတို့အတွက် လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊

(စ) ကလေးသူငယ် မှုခင်းများ မဖြစ်ပွားစေရန် ကြိုတင် ကာကွယ်နိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဆ) လိုအပ်သော အစီရင်ခံစာများ၊ စာရင်းဇယားများကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ တောင်းခံရယူစုစည်းခြင်း၊

(ဇ) ကော်မတီ၏ ဆောင်ရွက်ချက်များကို အခါအားလျော်စွာ အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(ဈ) အစိုးရအဖွဲ့က ပေးအပ်သည့် ကလေးသူငယ်ဆိုင်ရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၆။ ကော်မတီသည်—

(က) ပြည်နယ်၊ တိုင်း၊ ခရိုင် သို့မဟုတ် မြို့နယ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီများကို လိုအပ်သလို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးနိုင်သည်၊

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီများ၏ လုပ်ငန်းများကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ ကူညီပံ့ပိုးခြင်း ပြုနိုင်သည်။

၇။ ကော်မတီ၏—

(က) ရုံးလုပ်ငန်းများကို လူမှုဝန်ထမ်း ဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်ပေးရမည်၊

(ခ) ကုန်ကျစရိတ်များကို လူမှုဝန်ထမ်း ဦးစီးဌာန၏ ရန်ပုံငွေမှ ကျခံ သုံးစွဲရမည်။

## အခန်း (၅)

## ကလေးသူငယ်၏ အခွင့်အရေးများ

၈။ ကလေးသူငယ်တိုင်းသည် အသက်ရှင်သန်ရန်၊ ဖွံ့ဖြိုးတိုးတက်ရန်၊ ကာကွယ်စောင့်ရှောက်မှုရရှိရန်နှင့် လူ့အဖွဲ့အစည်းတွင် ပါဝင်ဆက်ဆံခွင့်ရရှိရန် အခွင့်အရေးများရှိကြောင်း နိုင်ငံတော်က အသိအမှတ်ပြုသည်။

၉။ (က) ကလေးသူငယ်တိုင်းသည် အသက်ရှင်သန်ရန် မွေးရာပါ အခွင့်အရေးရှိသည်၊

(ခ) မိဘ၊ အုပ်ထိန်းသူတို့သည် ကလေးမွေးဖွားခြင်းကို ဥပဒေနှင့်အညီ မှတ်ပုံတင်ရမည်။

၁၀။ ကလေးသူငယ်တိုင်းသည် နိုင်ငံသားဖြစ်မှုဆိုင်ရာ အခွင့်အရေးကို တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရရှိစေရမည်။

၁၁။ (က) ကလေးသူငယ်များအား ကျွေးမွေး ထိန်းသိမ်း စောင့်ရှောက်ရေး၊ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ပြုစု ပျိုးထောင်ရေးတို့သည် မိဘ၊ အုပ်ထိန်းသူတို့၏ မူလတာဝန် ဖြစ်စေရမည်၊

(ခ) ကလေးသူငယ်သည် ကျွေးမွေးထောက်ပံ့ရန် ပျက်ကွက်သော သို့မဟုတ် ငြင်းပယ်သော မိဘထံမှ ဥပဒေနှင့်အညီ လစဉ် ထောက်ပံ့ကြေး ရထိုက်ခွင့် ရှိစေရမည်။

၁၂။ ကလေးသူငယ်တိုင်းသည်–

(က) မိဘနှစ်ပါး သို့မဟုတ် တစ်ပါးပါး အသက်ရှင်လျက် ရှိပါက ယင်းတို့နှင့်အတူနေထိုင်ကြီးပြင်းရန် အခွင့်အရေး ရှိစေရမည်၊

(ခ) ယင်း၏ အကျိုးစီးပွားအတွက် ဥပဒေအရ ခွဲခွာနေထိုင်ရန် လိုအပ်သည့်အခါမှတစ်ပါး မိဘများနှင့် အတင်းအဓမ္မခွဲခွာမှုကို မခံထိုက်စေရ၊

(ဂ) ယင်း၏ အကျိုးစီးပွားကို မထိခိုက်လျှင် ဥပဒေအရ ခွဲခွာနေထိုင်ရသော မိဘတို့နှင့် ပုံမှန်တွေ့ဆုံနိုင်ခွင့်ရှိစေရမည်၊

(ဃ) မိမိ၏ ကိုယ်စား သို့မဟုတ် ပန်ညီးဥစ္စာနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ အုပ်ထိန်းမှုခံပိုင်ခွင့်ရှိသည်။

၁၃။ (က) မိမိ၏ ထင်မြင်ယူဆချက်ကို ပြောဆိုနိုင်သည့် အသက်အရွယ်နှင့် ရင့်ကျက်မှုရှိပြီးဖြစ်သည့် ကလေးသူငယ်တိုင်းသည် မိမိတို့ကလေးသူငယ်များနှင့် စပ်လျဉ်းသည့် အရေးကိစ္စများတွင် မိမိ၏ ကိုယ်ပိုင်ထင်မြင်ယူဆချက်ကို ပြောဆို တင်ပြခွင့်ရှိသည်၊

(ခ) ကလေးသူငယ်၏ တင်ပြချက်ကို ယင်း၏ အသက်အရွယ်နှင့် ရင့်ကျက်မှုအလိုက် သက်ဆိုင်ရာတို့က ထိုက်သင့်သော အလေးဂရုပြုရမည်၊

(ဂ) ကလေးသူငယ်သည် မိမိ၏အခွင့်အရေးများနှင့် ပတ်သက်၍ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် တရားရုံးတွင် ဥပဒေနှင့်အညီ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်မှဖြစ်စေ တိုင်တန်းတင်ပြခွင့်၊ ပြောရေးဆိုခွင့်၊ စုစည်းခွင့် ရှိစေရမည်။

၁၄။ ကလေးသူငယ်တိုင်းသည် လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ ဇာတိ၊ လိင် မခွဲခြားဘဲ–

(က) ဥပဒေအရာတွင် အညီအမျှဖြစ်စေရမည်၊

(ခ) ညီမျှသော အခွင့်အလမ်းများ ရရှိစေရမည်။

၁၅။ ကလေးသူငယ်တိုင်းသည်—

(က) ဥပဒေနှင့်အညီ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်၊ လွတ်လပ်စွာ ရေးသားခွင့် ရှိသည်၊

(ခ) လွတ်လပ်စွာတွေးတောကြံဆခွင့်၊ လွတ်လပ်စွာ ယုံကြည်ခွင့်၊ မည်သည့်ဘာသာကိုမဆို လွတ်လပ်စွာကိုးကွယ်ခွင့်ရှိသည်၊

(ဂ) ဥပဒေအရ ခွင့်ပြုထားသော ကလေးသူငယ်ဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေး သို့မဟုတ် ဘာသာရေး အဖွဲ့အစည်းများတွင် ပါဝင်ခွင့်ရှိသည်။

၁၆။ (က) ကလေးသူငယ်တိုင်း၏ ဂုဏ်သိက္ခာ၊ ပုဂ္ဂိုလ်ရေး ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကိုအကြောင်းမဲ့ ထိပါးခြင်းမခံရစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရမည်၊

(ခ) ကလေးသူငယ်တိုင်း၏ ပစ္စည်းလုံခြုံမှုအတွက် ဥပဒေအရ အကာအကွယ်ပေးရမည်။

၁၇။ (က) ကလေးသူငယ်တိုင်းသည် ဥပဒေနှင့်အညီ မွေးစားခံပိုင်ခွင့် ရှိသည်၊

(ခ) မွေးစားခြင်းသည် ကလေးသူငယ်၏ အကျိုးစီးပွားအတွက် ဖြစ်စေရမည်၊

(ဂ) မွေးစားသူသည် မွေးစားခံရသည့် ကလေးသူငယ်အား ပြည်ပသို့ နိုးထုတ်ခြင်း၊ ရောင်းဝယ်ခြင်း၊ မတရားခြယ်လှယ်ခြင်း၊ မတရားအလုပ်ခိုင်းစေခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ မသမာမှုနှင့် တရားမဲ့ပြုကျင့်ခြင်းများ မပေါ်ပေါက်စေရန် ထိန်းသိမ်း စောင့်ရှောက်ရမည့် တာဝန်ရှိသည်၊

၁၈။ (က) စိတ် သို့မဟုတ် ကိုယ်အင်္ဂါ ချွတ်ယွင်းသော ကလေးသူငယ်သည်—

(၁) လူမှုဝန်ထမ်းဦးစီးဌာနကဖြစ်စေ၊ စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ် သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းကဖြစ်စေ တည်ထောင်ထားသော သီးသန့်ကျောင်းများတွင် အခြေခံ ပညာ (မူလတန်းအဆင့်)သို့မဟုတ် အသက်မွေး ဝမ်းကျောင်းဆိုင်ရာ ပညာရပ်များကို သင်ယူခွင့်ရှိသည်၊

(၂) နိုင်ငံတော်၏ အထူးစောင့်ရှောက်မှုနှင့် ကူညီပံ့ပိုးမှုများ ကို ရယူခွင့်ရှိသည်၊

(ခ) လူမှုဝန်ထမ်းဦးစီးဌာနသည် စိတ် သို့မဟုတ် ကိုယ်အင်္ဂါ ချွတ်ယွင်းသော ကလေးသူငယ်များ လူ့အဖွဲ့အစည်းတွင် ဂုဏ်သိက္ခာရှိစွာဖြင့် ပါဝင်ဆောင်ရွက်နိုင်ရေး၊ မိမိဘာဝ မိမိရပ်တည် နိုင်ရေး၊ ကိုယ့်အားကိုယ်ကိုးစိတ် မွေးမြူနိုင်ရေးတို့အတွက် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

၁၉။ (က) ကလေးသူငယ်တိုင်းသည် နိုင်ငံတော်က ဆောင်ရွက်ပေးသည့် ကျန်းမာရေးဆိုင်ရာအခွင့်အရေးများကို ခံစားခွင့်ရှိသည်၊

(ခ) ကျန်းမာရေးဝန်ကြီးဌာနသည်—

(၁) ကလေးသူငယ်အသက်ရှင်သန်ရေး၊ ကလေးသူငယ်အား ကာကွယ်ဆေးထိုးရေး၊ ကလေးသူငယ်အား မိခင်နို့ရည် တိုက်ကျွေးရေး၊ မိခင်များ သားဆက်ခြားရေး၊ ကလေး သူငယ် အာဟာရဓာတ်ပြည့်ဝရေး၊ အိုင်အိုဒင်း ချို့တဲ့မှု ရောဂါ ကင်းရှင်းရေး၊ ကျောင်းကျန်းမာရေး၊ မိသားစု ကျန်းမာရေးတို့ကို စီမံချက် ချမှတ်ဆောင်ရွက်ရမည်၊

(၂) ကလေးသူငယ်၏ ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော ရိုးရာ အလေ့အထများ တစ်စတစ်စ ပပျောက်သွားရေးအတွက် သင့်လျော်သော အစီအမံများ ချမှတ်ဆောင်ရွက်ရမည်၊

(၃) ကလေးသူငယ်သေနှုန်း အနည်းဆုံးနှင့် ကျန်းမာရေးနှင့်ပြည့်စုံသော ကလေးသူငယ်ဦးရေ အများဆုံးဖြစ်လာစေရန် ဆောင်ရွက်ရမည်။

၂၀။ (က) ကလေးသူငယ်တိုင်းသည်—

(၁) ပညာသင်ကြားရေးဆိုင်ရာ အခွင့်အလမ်းများ ရရှိစေရမည်၊

(၂) နိုင်ငံတော်က ဖွင့်လှစ်ထားသော ကျောင်းများတွင် အခြေခံပညာ(မူလတန်းအဆင့်)ကို အခမဲ့သင်ယူနိုင်ခွင့် ရှိစေရမည်၊

(ခ) ပညာရေးဝန်ကြီးဌာနသည်—

(၁) မသင်မနေရ အခမဲ့ မူလတန်းပညာရေးစနစ်ကို အကောင်အထည်ဖော်ရန် ရည်မှန်းချက် ထားရှိရမည်၊

(၂) ကလေးသူငယ်များ ကျောင်းမှန်မှန် တက်ရေးနှင့် အချိန်မတိုင်မီ ကျောင်းထွက်နှုန်း ကျဆင်းရေးတို့ အတွက် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ရမည်၊

(၃) နိုင်ငံတော်က ဖွင့်လှစ်ထားသော ကျောင်းများတွင် အကြောင်းအမျိုးမျိုးကြောင့် တက်ရောက် ပညာသင်ကြားနိုင်ခြင်း မရှိသော ကလေးသူငယ်များ စာပေတတ်ကျွမ်းမှု ရှိစေရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

၂၁။ ကလေးသူငယ်တိုင်းသည် မိမိတို့ ချစ်ခင်မြတ်နိုးသည့်စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာနှင့် ဓလေ့ထုံးတမ်းများကို စောင့်ထိန်းပိုင်ခွင့် ရှိစေရမည်။

၂၂။ (က) ကလေးသူငယ်တိုင်းသည် မိမိတို့၏ဘက်စုံဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုစေမည့် စာပေများ ဖတ်ရှုနိုင်ခွင့်၊ ဗဟုသုတများ လေ့လာဆည်းပူးနိုင်ခွင့် ရှိစေရမည်၊

(ခ) ပြန်ကြားရေးဝန်ကြီးဌာနသည်—

(၁) ကလေးသူငယ်များ လိမ္မာ ယဉ်ကျေးမှုရှိရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် အကျင့်စာရိတ္တကောင်းမွန်ရေးတို့အတွက် ကလေးစာပေများ ထုတ်ဝေဖြန့်ချိခြင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂလိကထုတ်ဝေသူတို့၏ ကလေးစာပေ ထုတ်ဝေဖြန့်ချိခြင်းလုပ်ငန်းကို အားပေးခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တည်ထောင်ထားသော စာကြည့်တိုက်များတွင် ကလေးစာပေများကို အထူးအစီအစဉ်ဖြင့် စုဆောင်းထားရှိပေးခြင်း ပြုရမည်၊

(၂) ကလေးသူငယ်၏ အခွင့်အရေးများနှင့် ကျင့်ဝတ်စည်းကမ်းများကို ကလေးသူငယ်နှင့် ယင်းတို့၏ မိဘ၊ အုပ်ထိန်းသူများ သိရှိနားလည် သဘောပေါက်စေရန် လည်းကောင်း၊ ကလေးသူငယ်များနှင့် သက်ဆိုင်သော ဗဟုသုတဖြစ်မှုယ်ရာ ပြည်တွင်းပြည်ပသတင်းများကို ကလေးသူငယ်များ သိရှိနိုင်စေရန်လည်းကောင်း၊ လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့် ပညာပေးခြင်း၊ ဖြန့်ဖြူးခြင်း ပြုရမည်။

၂၃။ ကလေးသူငယ်တိုင်းသည်-

(က) အားလပ်ချိန်နှင့် ကစားချိန်များ ရပိုင်ခွင့်ရှိသည်၊

(ခ) အသက်အရွယ်အလိုက် အားကစားလှုပ်ရှားမှုများတွင် ပါဝင်ဆင်နွှဲခွင့်ရှိသည်၊

(ဂ) ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

၂၄။ (က) ကလေးသူငယ်တိုင်းသည်-

(၁) ဥပဒေနှင့်အညီ မိမိဆန္ဒအလျောက် အလုပ်လုပ်ပိုင်ခွင့်ရှိသည်၊

(၂) ဥပဒေအရ သတ်မှတ်ထားသည့် အလုပ်လုပ်ချိန်၊ အားလပ်ခွင့်နှင့် အခြားသက်သာခွင့်များကို ရပိုင်ခွင့်ရှိသည်၊

(ခ) အလုပ်သမားဝန်ကြီးဌာနသည် အလုပ်လုပ်သောကလေးသူငယ်များ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ရပိုင်ခွင့်များ ထိခိုက်နစ်နာ ဆုံးရှုံးမှု မရှိရေးတို့အတွက် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရမည်။

၂၅။ ကလေးသူငယ်တိုင်းသည် ဥပဒေနှင့်အညီ-

(က) အမွေဆက်ခံခွင့်ရှိသည်၊

(ခ) ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ရှိသည်၊

(ဂ) တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

၂၆။ ဤဥပဒေပါအခွင့်အရေးများကို ကလေးသူငယ်တိုင်း အပြည့်အဝရရှိခံစားနိုင်စေရန်–

(က) အစိုးရဌာန၊ အဖွဲ့အစည်းများသည် မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် တတ်နိုင်သမျှ အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်၊

(ခ) စေတနာ့ဝန်ထမ်းပုဂ္ဂိုလ် သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည်လည်း ဥပဒေနှင့်အညီ မိမိတို့တတ်နိုင်သမျှ ဆောင်ရွက်ပေးနိုင်ခွင့်ရှိသည်။

၂၇။ ကလေးသူငယ်များ၏အရေးကိစ္စနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများသည် ကလေးသူငယ်တိုင်း လူ့အဖွဲ့အစည်း၏ ကာကွယ်စောင့်ရှောက်မှုကို ဦးဦးဖျားဖျား ရယူပိုင်ခွင့်ရှိသည်ဆိုသော ဆောင်ပုဒ်အရ ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားအတွက် ရှေးရှုဆောင်ရွက်ရမည်။

## အခန်း (၆)

## ပြစ်မှုကြောင်းအရ အရေးယူခြင်းမှ ကင်းလွတ်ခွင့်

၂၈။ (က) အသက် ၇ နှစ် မပြည့်သေးသော ကလေးသူငယ်တစ်ဦး၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်စေရ၊

(ခ) ပြုလုပ်စဉ်အခါက ပြုလုပ်မှု၏ သဘောသဘာဝနှင့် အကျိုးအပြစ်ကို သိနားလည် လောက်အောင် အမြော်အမြင် အဆင်အခြင်နှင့် မပြည့်စုံသေးသော အသက် ၇ နှစ် အထက် ၁၂ နှစ်အောက်အရွယ်ရှိသော ကလေးသူငယ်၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်စေရ။

၂၉။ သင်တန်းကျောင်း၊ ယာယီ စောင့်ရှောက်ရေးစခန်း သို့မဟုတ် စောင့်ရှောက်သူထံမှ ထွက်ပြေးသည့်ကလေးသူငယ်အား ပြစ်မှုဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်း မပြုရ။

## အခန်း (၇)

### ကလေးသူငယ်၏ကျင့်ဝတ်စည်းကမ်းများ

၃၀။ ကလေးသူငယ်တိုင်းသည် အသက်အရွယ်အလိုက် အောက်ပါကျင့်ဝတ်စည်းကမ်းများကို လိုက်နာ စောင့်ထိန်းရမည်-

(က) တရားဥပဒေကို စောင့်ထိန်းလိုက်နာခြင်း၊

(ခ) မိဘ၊ အုပ်ထိန်းသူတို့၏ ဆုံးမသွန်သင်မှုကို နာခံခြင်း၊

(ဂ) ဆရာ၊ ဆရာမများ၏ သွန်သင်မှုကို ခံယူပြီး ငြိမ်းချမ်းစွာ ပညာသင်ကြားခြင်း၊

(ဃ) ကျောင်း စည်းကမ်း၊ အလုပ်ခွင်စည်းကမ်း၊ ရပ်ရွာ စည်းကမ်းတို့ကို လိုက်နာခြင်း၊

(င) မိမိနှင့်သက်ဆိုင်သောအမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုနှင့် ဓလေ့ ထုံးတမ်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(စ) အရက်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသုံးစွဲခြင်း၊ လောင်းကစားခြင်းနှင့် အခြား အကျင့်စာရိတ္တ ပျက်ပြားမှုဖြစ်စေရာ အမှုအကျင့်များမှ ရှောင်ကြဉ်ခြင်း။

၃၁။ ပုဒ်မ ၃၀ ပါ ကျင့်ဝတ်စည်းကမ်းများကို ကလေးသူငယ်များ လိုက်နာ စောင့်ထိန်းသည့် အလေ့အထ ရရှိစေရန် မိဘ၊ ဆရာ၊ အုပ်ထိန်းသူတို့က နည်းပေးလမ်းညွှန် ပြုရမည်။

## အခန်း(၈)

## ကာကွယ်စောင့်ရှောက်မှုလိုအပ်သောကလေးသူငယ်

၃၂။ အောက်ပါ ကလေးသူငယ်သည် ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်ဖြစ်သည်–

(က) မိဘ သို့မဟုတ် အုပ်ထိန်းသူမရှိသောသူ၊

(ခ) တောင်းရမ်းစားသောက်သူ၊

(ဂ) မိဘ၊ အုပ်ထိန်းသူတို့က ထိန်းသိမ်း၍မရနိုင်လောက်အောင် ဆိုးသွမ်းသူ၊

(ဃ) ရက်စက်သော သို့မဟုတ် ယုတ်မာသော မိဘ၊ အုပ်ထိန်းသူ၏ ထိန်းသိမ်းမှုအောက်တွင်ရှိသူ၊

(င) စိတ်ပေါ့သွပ်သူ၊

(စ) ကူးစက်တတ်သော ရောဂါစွဲကပ်နေသူ၊

(ဆ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကို ပြောင်းလဲစေသော ဆေးဝါး သုံးစွဲသူ၊

(ဇ) လူမှုဝန်ထမ်းဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သူ။

၃၃။ (က) မည်သူမဆို ပုဒ်မ ၃၂ ပါ ကလေးသူငယ်တစ်ဦးဦးကို နိုင်ငံတော်က ကာကွယ်စောင့်ရှောက်မှု ပြုသင့်သည်ဟု ထင်မြင်ယူဆလျှင် သက်ဆိုင်ရာ လူမှုဝန်ထမ်းအရာရှိထံ အကျိုးအကြောင်း ဖော်ပြ၍ အကြောင်းကြားနိုင်သည်။

(ခ) လူမှုဝန်ထမ်းအရာရှိသည် ပုဒ်မခွဲ (က) အရ အကြောင်းကြားချက်ကို လက်ခံရရှိလျှင်ဖြစ်စေ၊ မိမိကိုယ်တိုင် တစ်နည်းနည်းဖြင့် သတင်းရရှိလျှင် ဖြစ်စေ ကလေးသူငယ်အား နိုင်ငံတော်က ကာကွယ်စောင့်ရှောက်မှုပြုရန် လိုအပ်ခြင်း ရှိ မရှိ သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး တွေ့ရှိ

ချက်များကို မိမိ၏သဘောထား မှတ်ချက်နှင့်အတူ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြ အစီရင်ခံရမည်၊

(ဂ) လူမှုဝန်ထမ်းအရာရှိသည် ပုဒ်မခွဲ (စ) အရ စုံစမ်းစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်—

(၁) မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် ရဲအရာရှိထံသို့ အကြောင်းကြား၍ ကလေးသူငယ်အား မိမိရှေ့သို့ တင်ပို့စေခြင်း၊

(၂) ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို မရရှိမီ ကလေးသူငယ်ကို မိဘ၊ အုပ်ထိန်းသူထံ ခံဝန်ချုပ်ဖြင့် ပြန်လည်အပ်နှံထားခြင်း သို့မဟုတ် ယာယီ စောင့်ရှောက်ရေးစခန်းသို့ ပို့အပ်ထားခြင်း၊

(၃) လိုအပ်သော သက်သေများကို ခေါ်ယူစစ်မေးခြင်း၊

(၄) လိုအပ်ပါက မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် ကလေးသူငယ်၏ ရှင်းလင်းချက်ကို ကြားနာခြင်း။

၃၄။ ညွှန်ကြားရေးမှူးချုပ်သည် လူမှုဝန်ထမ်းအရာရှိက တင်ပြသော အစီရင်ခံစာအရ ကလေးသူငယ်အား နိုင်ငံတော်က ကာကွယ်စောင့်ရှောက်မှု ပြုရန် လိုအပ်နေကြောင်း စိစစ်တွေ့ရှိလျှင် အောက်ပါ အစီအစဉ် တစ်ရပ်ရပ်ကို ချမှတ်ဆောင်ရွက်ပေးရမည်—

(က) အကျင့်စာရိတ္တ ပြုပြင်ပေးရန် လိုအပ်နေသော ကလေးသူငယ်ဖြစ်လျှင် အများဆုံး အသက် ၁၈ နှစ်ပြည့်သည့် ကာလအထိ သင်တန်းကျောင်း တစ်ခုခုသို့ ပို့အပ်ခြင်း၊

(ခ) ထိန်းသိမ်းစောင့်ရှောက်ပေးရန် လိုအပ်နေသော ကလေးသူငယ် ဖြစ်လျှင် အများဆုံး အသက် ၁၈ နှစ်ပြည့်သည့် ကာလအထိ ဓာဟာ သို့မဟုတ် စောင့်ရှောက်သူထံ အပ်နှံခြင်း၊

(ဂ) ကြီးကြပ်မှုပြုရန် လိုအပ်နေသော ကလေးသူငယ်ဖြစ်လျှင် ၃ နှစ်ထက်မပိုသော ကာလအထိ သက်ဆိုင်ရာ ကလေးသူငယ် ကြီးကြပ်သူ၏ ကြီးကြပ်စိစစ်ခြင်းကို ခံယူစေခြင်း၊

(ဃ) စိတ်ရောဂါသွပ်နေသော ကလေးသူငယ် ဖြစ်လျှင် စိတ်ရောဂါကု ဆေးရုံသို့ ပို့အပ်၍ ဆေးဝါးကုသရန် စီစဉ်ပေးခြင်း၊

(င) ကူးစက်တတ်သော ရောဂါစွဲကပ်နေသော ကလေးသူငယ်ဖြစ်လျှင် သက်ဆိုင်ရာဆေးရုံသို့ ပို့အပ်၍ ဆေးဝါးကုသရန် စီစဉ်ပေးခြင်း။

၃၅။ ညွှန်ကြားရေးမှူးချုပ်သည်—

(က) ပုဒ်မ ၃၄ အရ ချမှတ်ပေးသော အမိန့်အစဉ်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရန် သက်ဆိုင်ရာ လူမှုဝန်ထမ်းအရာရှိအား ညွှန်ကြားနိုင်သည်၊

(ခ) ကလေးသူငယ်တွင် မိဘ၊ အုပ်ထိန်းသူရှိပြီး ယင်းတို့၏ ထိန်းသိမ်း စောင့်ရှောက်မှုကိုသာ ခံယူရန် လိုအပ်ကြောင်း စိစစ်တွေ့ရှိလျှင် ကလေးသူငယ်အား ကောင်းမွန်စွာ စောင့်ရှောက်ခြင်းနှင့် အုပ်ထိန်း ခြင်းပြုပါမည် ဟူသော ခံဝန်ချုပ်ကို မိဘ၊ အုပ်ထိန်းသူအား ချုပ်ဆိုစေပြီး ကလေးသူငယ်ကို ပြန်လည်အပ်နှံရန် သက်ဆိုင်ရာ လူမှုဝန်ထမ်းအရာရှိအား ညွှန်ကြားနိုင်သည်၊

(ဂ) ပုဒ်မ ၃၄ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ(ဂ) အရ ချမှတ်သော အစီအစဉ်ကို အနည်းဆုံး တစ်နှစ်ပြည့်သည်အထိ လိုက်နာပြီးဖြစ်သည့် အပြင် အကျင့်စာရိတ္တ တိုးတက်ကောင်းမွန်လာကြောင်း စိစစ်တွေ့ရှိရလျှင် မိဘ၊ အုပ်ထိန်းသူရှိသော ကလေးသူငယ်အား သက်ဆိုင်ရာမိဘ၊အုပ်ထိန်းသူထံ ခံဝန်ချုပ်ဖြင့်ဖြစ်စေ၊ ခံဝန်ချုပ်မပါဘဲဖြစ်စေ ပြန်လည်အပ်နှံရန် သက်ဆိုင်ရာ လူမှုဝန်ထမ်း အရာရှိအား ညွှန်ကြားနိုင်သည်။

၃၆။ ညွှန်ကြားရေးမှူးချုပ်သည်–

(က) ပုဒ်မ ၃၅ ပုဒ်မခွဲ (ဂ) ပါ လုပ်ပိုင်ခွင့်ကို မိမိသဘောအလျောက်ဖြစ်စေ၊ သက်ဆိုင်ရာ သင်တန်းကျောင်းအုပ်၊ ကလေးသူငယ် ကြီးကြပ်သူ သို့မဟုတ် မိဘ၊ အုပ်ထိန်းသူ၏ တင်ပြချက်အရဖြစ်စေ ကျင့်သုံးနိုင်သည်၊

(ခ) ပုဒ်မ ၃၄ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဃ) သို့မဟုတ် ပုဒ်မခွဲ (င) အရ ချမှတ်ထားသော အစီအစဉ် တစ်ရပ်ရပ်ကို လုံလောက်သော အကြောင်းရှိပါက လိုအပ်သလို ပြင်ဆင်ပြောင်းလဲနိုင်သည်၊

(ဂ) လုံလောက်သော အကြောင်းရှိလျှင် သင်တန်းကျောင်း တစ်ခုသို့ ပို့အပ်ထားသော ကလေးသူငယ်ကို အခြား သင်တန်းကျောင်း တစ်ခုသို့ ရွှေ့ပြောင်းနိုင်သည်၊

(ဃ) သင်တန်းကျောင်းသို့ ပို့အပ်ထားသော ကလေးသူငယ်အား သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ အောက်ပါ အခွင့်အရေးများကို ပေးနိုင်သည်–

(၁) ဓလေ့ သို့မဟုတ် ထောင်ချောက်သူ၏ ကြီးကြပ်စီမံခြင်းကို ခံယူ နေထိုင်ရန်အတွက် သင်တန်းကျောင်းမှ ယာယီ အစီအစဉ်ဖြင့် ထွက်ခွာခွင့်၊

(၂) အသည်းအသန်မကျန်းမမာဖြစ်နေသော မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် ဆွေမျိုးအရင်းအချာထံ သွားရောက် တွေ့ဆုံနိုင်ရန် လိုအပ်သည့် ကာလအတွက် အရေးပေါ် ခွင့်ပြုလက်မှတ်ဖြင့် ခရီးသွားလာခွင့်၊

(၃) ခွင့်ပြုလက်မှတ်ဖြင့် သင်တန်းကျောင်းမှ ထွက်ခွာ နေထိုင်ခွင့်၊

(၄) သင်တန်းကျောင်း၏ ကြီးကြပ်စီမံခြင်းကို ခံယူ၍ သင်တန်းကျောင်းပြင်ပရှိ သင့်လျော်သူ တစ်ဦးနှင့်အတူ နေထိုင်နိုင်ခွင့်၊

(င) ဤပုဒ်မအရ မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို လူမှုဝန်ထမ်း အရာရှိ သို့မဟုတ် သင်တန်း ကျောင်းအုပ်အား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

## အခန်း (၉)

## ကလေးသူငယ်အား ဖြစ်မှုဖြင့် အရေးယူခြင်း

၃၇။ ရဲအရာရှိ သို့မဟုတ် အရေးယူပိုင်ခွင့်ရှိသူသည် ဖြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို ဖမ်းဆီးလျှင် အောက်ပါတို့ကို လိုက်နာရမည်-

(က) လက်ထိပ်ခတ်ခြင်း၊ ကြိုးဖြင့်ချည်နှောင်ခြင်း မပြုရ၊

(ခ) လူကြီးတရားခံများနှင့်အတူ ရောနှော၍ ထားရှိခြင်း မပြုရ၊ မိန်းကလေးဖြစ်လျှင် မိန်းမတစ်ဦး၏ အစောင့်အရှောက်ဖြင့် ထားရှိရမည်၊

(ဂ) နှိပ်စက်ညှဉ်းပန်းခြင်း၊ ခြိမ်းခြောက်ခြင်း မပြုရ၊

(ဃ) တစ်နေရာမှ တစ်နေရာသို့ လူကြီးတရားခံများနှင့်အတူ ရောနှော၍ မပို့ဆောင်ရ၊ မိန်းကလေးဖြစ်လျှင် မိန်းမတစ်ဦး၏ အစောင့် အရှောက်ဖြင့် ပို့ဆောင်ရမည်၊

(င) သက်ဆိုင်ရာမိဘ သို့မဟုတ် အုပ်ထိန်းသူထံ အမြန်ဆုံးအသိ ပေး အကြောင်းကြားရမည်၊

(စ) ဖမ်းဆီးခံရသော ကလေးသူငယ်ကို သက်ဆိုင်ရာ ကလေးသူငယ် တရားရုံးသို့ အမြန်ဆုံးတင်ပို့ရမည်၊

(ဆ) ပုဒ်မခွဲ (စ) အရ ကလေးသူငယ်တရားရုံးသို့ အမြန်ဆုံးတင်ပို့ နိုင်ခြင်း မရှိပါက ကလေးသူငယ်အား ခံဝန်ချုပ်ဖြင့် လွှတ်ထား ရမည်၊

(ဇ) ပုဒ်မခွဲ (ဆ)အရ ခံဝန်ချုပ်ဖြင့်မလွှတ်လျှင် ထိုကလေးသူငယ်ကို ယာယီစောင့်ရှောက်ရေးစခန်း သို့မဟုတ် အခြားသင့်လျော်သည့် နေရာသို့ ပို့ထားရမည်။

၃၀။ ရဲအရာရှိ သို့မဟုတ် အရေးယူပိုင်ခွင့်ရှိသူသည်–

(က) ကလေးသူငယ်မှုခင်းကို သက်ဆိုင်ရာ ကလေးသူငယ် တရားရုံး သို့ တရားစွဲဆိုတင်ပို့ရမည်၊

(ခ) ကလေးသူငယ်နှင့် လူကြီး ပူးတွဲ၍ ပြစ်မှုကျူးလွန်ခြင်း ဖြစ်လျှင် ကလေးသူငယ်ကို သက်ဆိုင်ရာ ကလေးသူငယ် တရားရုံးသို့ လည်းကောင်း၊ လူကြီးကို သက်ဆိုင်ရာ တရားရုံးသို့လည်း ကောင်း ခွဲ၍ တရားစွဲဆိုတင်ပို့ရမည်၊

(ဂ) ကလေးသူငယ်ကို တရားစွဲဆိုတင်ပို့ရာတွင် အသက်နှင့်စပ် လျဉ်းသော အထောက်အထား ပူးတွဲပါရှိစေရမည်။

၃၉။ ရဲအရာရှိ သို့မဟုတ် အရေးယူပိုင်ခွင့်ရှိသူသည် သင်တန်းကျောင်း၊ ဂေဟာ၊ ယာယီစောင့်ရှောက်ရေးစခန်း သို့မဟုတ် စောင့်ရှောက်သူထံမှ ထွက်ပြေးသည့် ကလေးသူငယ်ကို–

(က) ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်၊

(ခ) ဖမ်းဆီးရမိလျှင် သက်ဆိုင်ရာသင်တန်းကျောင်း၊ ဂေဟာ၊ ယာယီစောင့်ရှောက်ရေးစခန်း သို့မဟုတ် စောင့်ရှောက်သူထံ ပြန်ပို့ရမည်၊

(ဂ) ပုဒ်မခွဲ (ခ) အရ သင်တန်းကျောင်း၊ ဂေဟာ၊ ယာယီ စောင့်ရှောက်ရေးစခန်း သို့မဟုတ် စောင့်ရှောက်သူထံ ပြန်မပို့ နိုင်မီကာလအတွင်း အခြားသင့်လျော်သည့်နေရာ၌ ထိန်းသိမ်းထားရှိနိုင်သည်။

## အခန်း (၁၀)

## ကလေးသူငယ်မှုခင်းများ စစ်ဆေးစီရင်ခြင်း

၄၀။ တရားရုံးချုပ်သည်–

(က) သင့်လျော်သော နယ်မြေဒေသတွင် ကလေးသူငယ် တရားရုံးများတည်ထောင်၍ ကလေးသူငယ် တရားသူကြီးများကို ခန့်ထားနိုင်သည်၊

(ခ) ပုဒ်မခွဲ (က) အရ ကလေးသူငယ်တရားရုံး တည်ထောင်ထားခြင်းမရှိသော နယ်မြေဒေသတွင် မြို့နယ် တရားသူကြီးအား ကလေးသူငယ် တရားသူကြီး၏ စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းနိုင်သည်။

၄၃။ ကလေးသူငယ်တရားရုံးသည်—

(က) ကလေးသူငယ်မှုခင်းကို လက်ခံရရှိလျှင် အမှုတွဲတွင် ပါရှိသော ကလေးသူငယ်၏ အသက်နှင့် ပတ်သက်သည့် အထောက်အထားကို ဦးစွာစိစစ်ကြည့်ရှုရမည်။ အမှုတွဲပါ မွေးစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်၊ ကျောင်းဝင်မှတ်ပုံတင် စာရင်း ကောက်နုတ်ချက်မိတ္တူမှန်၊ ဆရာဝန်၏ဆေးစာ သို့မဟုတ် အခြားနိုင်လုံသော အထောက် အထားများအရ ကလေးသူငယ်ဖြစ် မဖြစ် ဆုံးဖြတ်ရမည်၊

(ခ) ပြစ်မှုကျူးလွန်သည့်အချိန်၌ အသက် ၁၆ နှစ် မပြည့်သေးသော ကလေးသူငယ်ကိုသာ စစ်ဆေးစီရင်ပိုင်ခွင့် ရှိသည်။ ကလေးသူငယ်မှုခင်းကို လက်ခံစစ်ဆေးခြင်းမပြုမီ ကလေးသူငယ်ဖြစ်ကြောင်း သတ်မှတ် ဆုံးဖြတ်ချက်ကို ရေးသား မှတ်တမ်းတင်ထားရမည်၊

(ဂ) တရားစွဲဆိုတင်ပို့ခြင်းခံရသော ကလေးသူငယ်အား အမှုစစ်ဆေးဆဲကာလအတွင်း ခံဝန်ချုပ်ဖြင့် လွှတ်ထားခြင်း၊ မိဘအုပ်ထိန်းသူထံ စည်းကမ်းချက်ဖြင့် အပ်နှံခြင်း၊ ယာယီ စောင့်ရှောက်ရေးစခန်း သို့မဟုတ် အခြားသင့်လျော်သည့်နေရာသို့ စည်းကမ်းချက်ဖြင့်အပ်နှံခြင်းပြုရမည်။ မည်သည့်အကြောင်းနှင့်မျှ ချုပ်မိန့်မပေးရ၊

(ဃ) အမှုစစ်ဆေးဆဲကာလအတွင်း ကလေးသူငယ်၏ အသက် ၁၆ နှစ် ပြည့်သွားစေကာမူ ယင်းအမှုကို ဆက်လက် စစ်ဆေးစီရင်ပြီး ကလေးသူငယ်ဖြစ်ဘိသကဲ့သို့ မှတ်ယူကာ ဤဥပဒေနှင့်အညီ အမိန့်ချမှတ်ခြင်းပြုရမည်၊

(င) သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ် သို့မဟုတ် ထောင်ဒဏ် ၃ နှစ်အထက် ပြစ်ဒဏ်ချမှတ်နိုင်သော ကလေးသူငယ်မှုခင်းများကို ဝရမ်းမှုစစ်ဆေးသည့် နည်းလမ်းအတိုင်း စစ်ဆေးစီရင်ရမည်၊

(စ) ပုဒ်မခွဲ (င)ပါ မှုခင်းမျိုးမှတစ်ပါး အခြားကလေးသူငယ်မှုခင်းများကို သမ္မန်မှုစစ်ဆေးသည့် နည်းလမ်းအတိုင်း စစ်ဆေးစီရင်ရမည်။

၄၂။ ကလေးသူငယ်တရားရုံးသည် ကလေးသူငယ်မှုခင်းကို စစ်ဆေးစီရင်ရာတွင် အောက်ပါတို့ကိုလိုက်နာရမည်–

(က) သီးခြားရုံး၊ အဆောက်အအုံ၌ဖြစ်စေ၊ သီးခြားရုံး၊ အဆောက်အအုံမရှိလျှင် အမှုစစ်ဆေးနေကျမဟုတ်သော အဆောက်အအုံ သို့မဟုတ် အခန်း၌ဖြစ်စေ စစ်ဆေးရမည်၊

(ခ) အမှုစစ်ဆေးသည့်နေရာ၌ မိဘအုပ်ထိန်းသူများ၊ တရားရုံးဝန်ထမ်းများ၊ ဥပဒေအရာရှိများ၊ ဝတ်စုံ ဆင်မြန်းထားခြင်းမရှိသည့် တာဝန်ကျ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ အမှုနှင့် တိုက်ရိုက်သက်ဆိုင်သူများ၊ ကလေးသူငယ် တရားရုံး၏ ခွင့်ပြုချက်ရရှိသူများမှတစ်ပါး အခြားမည်သူမျှ မရှိစေရ၊

(ဂ) ကလေးသူငယ် သို့မဟုတ် ယင်း၏မိဘ၊ အုပ်ထိန်းသူတို့က ရှေ့နေငှားရမ်းခြင်းမပြုနိုင်၍ သို့မဟုတ် ငှားရမ်းခြင်း မပြုလို၍ သင့်လျော်သူတစ်ဦးဦး၏ အကူအညီဖြင့် အမှုကို ခုခံချေပလိုကြောင်း လျှောက်ထားလာပါက ခွင့်ပြုရမည်၊

(ဃ) လိုအပ်ပါက စကားပြန်ရရှိစေရန် စီစဉ်ပေးရမည်၊

(င) နှောင့်နှေး ကြန့်ကြာခြင်းမရှိစေဘဲ အမြန် ပြီးပြတ်အောင် စစ်ဆေးစီရင်ရမည်။

၄၃။ ကလေးသူငယ်တရားရုံးသည် ကလေးသူငယ်မှုခင်း စစ်ဆေးစီရင်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်–

(က) အမှုကိုစစ်ဆေးနေစဉ် မည်သည့်အခါ၌မဆို ကလေးသူငယ် အကျိုးငှာ လိုအပ်သည်ဟု ယူဆလျှင် ကလေးသူငယ် အပါ

အဝင် အမှုစစ်ဆေးသည့်နေရာ၌ ရောက်ရှိနေသူ မည်သူကိုမဆို တရားရုံးပြင်ပသို့ ထွက်ခွာသွားရန် ညွှန်ကြားနိုင်သည်။ လိုအပ်ပါက ယင်းသို့ထွက်ခွာသွားရန် အင်အားသုံးစေ၍ ဆောင်ရွက်နိုင်သည်၊

(ခ) စစ်ဆေးဆဲအမှု မည်သည့်အခြေအနေသို့ ရောက်ရှိနေစေကာမူ စွပ်စွဲခံရသူ ကလေးသူငယ်သည် တရားရုံးသို့ လာရောက်ရန်မလို ဟု ယူဆလျှင် ရုံးရှေ့သို့ မလာရောက်စေဘဲ ယင်း၏မျက်ကွယ်တွင် အမှုကို ဆက်လက်စစ်ဆေးနိုင်သည်၊

(ဂ) အမှုစစ်ဆေးနေစဉ် လိုအပ်ပါက ကလေးသူငယ်အား လက်ရှိထိန်းသိမ်း စောင့်ရှောက်လျက်ရှိသော မိဘ၊ အုပ်ထိန်းသူအား ရုံးချိန်းနေ့တိုင်းတွင် ရုံးရှေ့သို့လာရောက်ရန် ညွှန်ကြားနိုင်သည်၊

(ဃ) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ် သို့မဟုတ် မှုခင်းတစ်ရပ်ရပ်တွင် သက်သေအဖြစ် ပါဝင်သော ကလေးသူငယ်သည် မည်သူမည်ဝါဖြစ်ကြောင်း သိသာထင်ရှားစေနိုင်သော သတင်း အချက်အလက်များကို ယင်း ကလေးသူငယ် အတွက် အကျိုးရှိမည်ဟု ယုံကြည်လျှင် ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်တို့တွင် ထည့်သွင်းဖော်ပြခွင့်၊ ကြေညာခွင့် ပြုနိုင်သည့်အပြင် ကလေးသူငယ်၏ ဓာတ်ပုံကိုလည်း ဖော်ပြခွင့်၊ အသုံးပြုခွင့် ပြုနိုင်သည်၊

(င) ကလေးသူငယ်နှင့် ယင်း၏ မိဘ၊ အုပ်ထိန်းသူတို့၏ ကိုယ်ရေးမှတ်တမ်း၊ အကျင့်စာရိတ္တ၊ အပြုအမူ၊ အနေအထိုင်၊ ပတ်ဝန်းကျင် အခြေအနေတို့ကို စုံစမ်းလေ့လာပြီး အစီရင်ခံစာတင်ပြရန် သက်ဆိုင်ရာ ကလေးသူငယ် ကြီးကြပ်သူအား ညွှန်ကြားနိုင်သည်၊

(စ) မိမိသင့်လျော်သည် ထင်မြင်လျှင် ပုဒ်မခွဲ(င) အရ ကလေးသူငယ် ကြီးကြပ်သူကတင်သွင်းသော အစီရင်ခံစာ၏ လိုရင်းအချက်များကို ကလေးသူငယ် သို့မဟုတ် ယင်း၏ မိဘ၊ အုပ်ထိန်းသူတို့အား အသိပေး အကြောင်းကြားခြင်း၊ ဆန့်ကျင်ဘက် သက်သေခံ တင်ပြခွင့်ပေးခြင်း ပြုနိုင်သည်။

၄၄။ ကလေးသူငယ်တရားရုံးသည် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသော ကလေးသူငယ်အပေါ် အမိန့်ချမှတ်ခြင်းမပြုမီ အောက်ပါတို့ကို ထည့်သွင်းစဉ်းစား၍ ကလေးသူငယ်အတွက် အကျိုးဖြစ်ထွန်းစေမည့် ပြုပြင်ရေးသဘော သက်ရောက်သောအမိန့်ကို ချမှတ်ရမည်-

(က) ကလေးသူငယ်၏အသက်နှင့် အကျင့်စာရိတ္တ၊

(ခ) ကလေးသူငယ် နေထိုင်သော ပတ်ဝန်းကျင် အခြေအနေ၊

(ဂ) ပြစ်မှုကျူးလွန်ရသည့်အကြောင်းရင်း၊

(ဃ) ကလေးသူငယ်ကြီးကြပ်သူက ထည့်သွင်းသော အစီရင်ခံစာ၊

(င) ကလေးသူငယ်အကျိုးငှာ ထည့်သွင်းစဉ်းစားရန် လိုအပ်သည်ဟု ယူဆသောအခြား အကြောင်းခြင်းရာများ။

၄၅။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ မည်သည့်ကလေးသူငယ်ကိုမျှ သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ် သို့မဟုတ် ကြိမ်ဒဏ် ချမှတ်ခြင်းမပြုရ။

၄၆။ ကလေးသူငယ်ကို သာမန်အားဖြင့် ထောင်ဒဏ်ချမှတ်ခြင်းမပြုရ။ ကလေးသူငယ်သည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ် ချမှတ်နိုင်သော ပြစ်မှုကို ကျူးလွန်သည်ဟု လည်းကောင်း၊

အကျင့်စာရိတ္တ လွန်ကဲစွာပျက်စီးနေသော သို့မဟုတ် မည်သည့်နည်းနှင့်မျှ ထိန်းသိမ်း၍မရနိုင်သော ဆိုးသွမ်းနေသည့် ကလေးသူငယ် ဖြစ်သည်ဟု လည်းကောင်း ကလေးသူငယ်တရားရုံးက ယုံကြည်မှသာ ထောင်ဒဏ်ချမှတ်ရမည်။ ယင်းသို့ချမှတ်သော ထောင်ဒဏ်သည် ၇ နှစ်ထက်မပိုစေရ။

၄၇။ ကလေးသူငယ်တရားရုံးသည် ထောင်ဒဏ်ချမှတ်ခြင်း မပြုသင့်သော ကလေးသူငယ်နှင့်စပ်လျဉ်း၍ အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ကျူးလွန်သောဖြစ်မှုသည် ကြီးလေးခြင်းမရှိသည့်အပြင် ကလေးသူငယ်မှာလည်း အကျင့်စာရိတ္တ ပျက်ပြားခြင်း မရှိ သေးလျှင်-

(၁) ဆိုဆုံးမ၍ လွှတ်နိုင်သည်၊

(၂) အသက် ၁၄ နှစ်ပြည့်ပြီး ဝင်ငွေရှိသည့် ကလေးသူငယ်ဖြစ်လျှင် ငွေဒဏ်တပ်ရိုက်နိုင်သည်။ ဝင်ငွေမရှိသော ကလေးသူငယ်ဖြစ်လျှင်၊ မိဘ၊ အုပ်ထိန်းသူကို ငွေဒဏ်တပ်ရိုက်နိုင်သည်၊

(ခ) ကျူးလွန်သော ဖြစ်မှုသည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ကလေးသူငယ်သည် အကျင့်စာရိတ္တပျက်ပြားခြင်း မရှိသေးလျှင် နောက်ထပ်ဖြစ်မှု ကျူးလွန်ခြင်းကို ဟန့်တားနိုင်ရန် ထိုကလေးသူငယ်ကို ၃ နှစ်ထက် မပိုသော ကာလအတွင်း ခံဝန်ချုပ်ပါစည်းကမ်းအတိုင်းကောင်းမွန်စွာ နေထိုင်ကျင့်ကြံစေရေးအတွက် မိဘ၊ အုပ်ထိန်းသူအား ခံဝန်ချုပ် ချုပ်ဆိုစေပြီး ပြန်လည်အပ်နှံနိုင်သည်၊

(ဂ) ၃ နှစ်ထက် မပိုသော ကာလအတွင်း ကလေးသူငယ် ကြီးကြပ်သူ၏ ကြီးကြပ်စီမံခြင်းကို ခံယူစေနိုင်သည်၊

(ဃ) ကျူးလွန်သော ပြစ်မှုသည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ကလေးသူငယ်သည် အကျင့်စာရိတ္တ ပျက်ပြားနေသူဖြစ်လျှင် သော်လည်းကောင်း၊ အကျင့်စာရိတ္တ ပျက်ပြားခြင်း မရှိသေးသော်လည်း မိဘ၊ အုပ်ထိန်းသူမရှိသည့် ကလေးသူငယ်ဖြစ်လျှင်သော်လည်းကောင်း၊ မိဘအုပ်ထိန်းသူရှိသော်လည်း ကလေးသူငယ်အား ဆိုဆုံးမခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်နိုင်သော အခြေအနေ မရှိလျှင်သော်လည်းကောင်း ထိုကလေးသူငယ်ကိုအနည်းဆုံး ၂ နှစ်ဖြစ်စေ၊ အများဆုံး အသက် ၁၈ နှစ်ပြည့်သည့်နေ့အထိဖြစ်စေ သင်တန်းကျောင်း တစ်ခုခုသို့ ပို့အပ်နိုင်သည်။

၄၈။ ကလေးသူငယ်တရားရုံးသည်–

(က) ကလေးသူငယ်အပေါ် ပုဒ်မ ၄၆ အရ ချမှတ်သော ထောင်ဒဏ် သို့မဟုတ် ပုဒ်မ ၄၇ အရ ချမှတ်သောအမိန့် တစ်ရပ်ရပ်အပြင် ကလေးသူငယ်၏ ပြုလုပ်မှုကြောင့်၊ တစ်စုံတစ်ယောက် သောသူ တွင် ထိခိုက်နာကျင်မှု၊ ဆုံးရှုံးမှုနှင့် နစ်နာမှုများရှိလျှင် ကလေး သူငယ်၏ မိဘ၊ အုပ်ထိန်းသူအား ထိခိုက်နစ်နာသူသို့ သင့်လျော် သော လျော်ကြေးပေးဆောင်စေရန်လည်း အမိန့်ချမှတ် နိုင်သည်၊

(ခ) အောက်ပါအချက်များနှင့် ညီညွတ်လျှင် ပုဒ်မ ၄၇ ပုဒ်မခွဲ (ဂ) သို့မဟုတ် ပုဒ်မခွဲ (ဃ)အရ ချမှတ်ခဲ့သော အမိန့်ကို အနည်းဆုံး ၁ နှစ်ပြည့်သည်အထိ လိုက်နာပြီးဖြစ်သော ကလေးသူငယ်အား သက်ဆိုင်ရာ မိဘ၊ အုပ်ထိန်းသူထံ ခံဝန်ချုပ်ဖြင့်ဖြစ်စေ၊ ခံဝန် ချုပ်မပါဘဲ ဖြစ်စေ ပြန်လည်အပ်နှံရန် ပြင်ဆင်အမိန့်ချမှတ် နိုင်သည်–

(၁) ကလေးသူငယ်၏ အကျင့်စာရိတ္တ အခြေအနေ တိုးတက် ကောင်းမွန်မှုရှိလာခြင်း၊

(ဂ) မိဘ၊ အုပ်ထိန်းသူရှိသောကလေးသူငယ်ဖြစ်ခြင်း၊

(ဃ) မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဥပဒေကိုဖောက်ဖျက် ကျူးလွန်ခဲ့သော ပြစ်မှုမဟုတ်ခြင်း၊

(ဂ) ပုဒ်မခွဲ (ခ) ပါ စီရင်ပိုင်ခွင့်ကို သက်ဆိုင်ရာသင်တန်းကျောင်းအုပ်၊ ကလေးသူငယ်၏ ကြီးကြပ်သူ သို့မဟုတ် မိဘ၊ အုပ်ထိန်းသူ၏ လျှောက်ထားတင်ပြချက်အရ ကျင့်သုံးနိုင်သည်။

၄၉။ (က) ကလေးသူငယ်တရားရုံးက ဤဥပဒေအရ ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အယူခံ ဝင်ရောက်ခွင့် သို့မဟုတ် ပြင်ဆင်မှုတင်သွင်းခွင့်ရှိစေရမည်၊

(ခ) ကလေးသူငယ် တရားရုံးက ဖြစ်စေ ၊ အယူခံရုံး သို့မဟုတ် ပြင်ဆင်မှု တရားရုံးကဖြစ်စေ ကလေးသူငယ်အပေါ် ထောင်ဒဏ် အမိန့်ချမှတ်လျှင် စီရင်ချက် မိတ္တူတစ်စောင်ကို ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

## အခန်း (၁၀)

## ကလေးသူငယ်များကို ဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ခြင်း

၅၀။ ရဲအရာရှိသည်–

(က) ဘေးအန္တရာယ် တစ်စုံတစ်ရာကျရောက်ရန် အကြောင်းရှိသော ကလေးသူငယ်ကို ကာကွယ်စောင့်ရှောက်နိုင်ရန် အလို့ငှာ ထိုကလေးသူငယ် ကို သက်ဆိုင်ရာကလေးသူငယ် တရားရုံးသို့ အမြန်ဆုံး တင်ပို့ရမည်၊

(ခ) ကလေးသူငယ်အား ပုဒ်မခွဲ (က) အရ တင်ပို့ခြင်း မပြုနိုင်မီ ယာယီစောင့်ရှောက်ရေး စခန်း သို့မဟုတ် အခြားသင့်လျော်သည့် နေရာသို့ ပို့အပ်ထားနိုင်သည်။

၅၁။ ကလေးသူငယ် တရားရုံးသည်–

(က) သတင်းပေးချက်အရဖြစ်စေ၊ မိမိကိုယ်တိုင်သိရှိချက်အရ ဖြစ်စေ ကလေးသူငယ်တစ်ဦးသည် ဘေးအန္တရာယ်တစ်စုံတစ်ရာ ကျရောက်နေသည်ဟုသော်လည်းကောင်း၊ ချက်ချင်း အရေးမယူလျှင် ယင်းသို့ ဘေးအန္တရာယ်ကျရောက်ရန် အကြောင်းရှိသည်ဟု သော်လည်းကောင်း ယုံကြည်လျှင် ထိုကလေးသူငယ်ကို ရှာဖွေ၍ မိမိရှေ့သို့ တင်ပို့ရန်နှင့် ယင်းသို့ မတင်ပို့နိုင်မီ ယာယီစောင့်ရှောက်ရေးစခန်းသို့ ပို့အပ်ထားရန် ရဲအရာရှိအား ဆင့်ဆိုနိုင်သည်၊

(ခ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မ ၅၀ ပုဒ်မခွဲ (က) အရ တင်ပို့လာသော ကလေးသူငယ်ကို အောက်ပါနည်းလမ်း တစ်ရပ်ရပ်ဖြင့် ကာကွယ်စောင့်ရှောက်ပေးရမည်–

(၁) ကလေးသူငယ်ကို လက်ခံထိန်းသိမ်း စောင့်ရှောက်ထားရန် သဘောတူသော မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် စောင့်ရှောက်သူထံ ပို့အပ်ခြင်း၊

(၂) ကလေးသူငယ်အား ဘေးအန္တရာယ်ကင်းရှင်းချိန် အထိ ထိန်းသိမ်းစောင့်ရှောက်ထားရန် ယာယီစောင့်ရှောက်ရေး စခန်းသို့ ပို့အပ်ခြင်း၊

(ဂ) ကလေးသူငယ်ကို ဥပဒေနှင့် ဆန့်ကျင်သော ကိစ္စတစ်ခုခု အတွက် သွေးဆောင် ဖေါ်ယူကြောင်း သို့မဟုတ် ဥပဒေနှင့် ဆန့်ကျင်၍ ချုပ်နှောင်ထားကြောင်း နိုင်လုံသော သတင်းရရှိလျှင်

ကလေးသူငယ်၏ လွတ်လပ်ခွင့်ပြန်လည်ရရှိရေး သို့မဟုတ် မိဘ၊ အုပ်ထိန်းသူထံ အမြန်ဆုံးအပ်နှံရေးတို့အတွက် လိုအပ်သလို အရေးယူဆောင်ရွက်ပေးရန် သက်ဆိုင်ရာ ဌာနများအား ညွှန်ကြားနိုင်သည်။

## အခန်း (၁၂)

## ကလေးသူငယ်နှင့် လူငယ်များကို အကျဉ်းထောင်၌ ထိန်းသိမ်းစောင့်ရှောက်ခြင်း

၅၂။ အကျဉ်းထောင် တာဝန်ခံအရာရှိသည် ထောင်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ် သို့မဟုတ် လူငယ်အား–

(က) အသက် ၁၈ နှစ်ပြည့်သည့်နေ့အထိ လူကြီးအကျဉ်းသားများနှင့်အတူ ရောနှော၍ ထားရှိခြင်း မပြုရ၊

(ခ) လူကြီးအကျဉ်းသားများ ကူးလူးဆက်ဆံခြင်း မပြုနိုင်သော သီးခြားအဆောင် သို့မဟုတ် အခန်း၌ထားရှိရမည်၊

(ဂ) တည်ဆဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ သက်ဆိုင်ရာမိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ မိတ်ဆွေသင်္ဂဟများနှင့် တွေ့ဆုံခွင့်၊ အစားအသောက်နှင့် သတ်မှတ်ထားသော ပစ္စည်းများ ပို့ခွင့်ပြုရမည်၊

(ဃ) အလုပ်ကြမ်းနိုင်းစေခြင်း မပြုရ၊

(င) ကျန်းမာရေးစစ်ဆေးခြင်းကို ပုံမှန်ပြုလုပ်ပေးရမည်၊

(စ) အကျင့်စာရိတ္တ ပြုပြင်ရေးဆိုင်ရာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များကို လေ့ကျင့်သင်ကြားပေးရမည်၊

(ဆ) တည်ဆဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လျှော့ရက်ခံစားခွင့် ပြုရမည်။

၅၃။ အကျဉ်းထောင်တာဝန်ခံအရာရှိသည်–

(က) အမျိုးသမီးအကျဉ်းသားတစ်ဦး၏ ကလေးသူငယ်အား ပြင်ပ၌ ထိန်းသိမ်းစောင့်ရှောက်မည့်သူ မရှိလျှင်ဖြစ်စေ၊ မိခင်ဖြစ်သူက ဆန္ဒရှိလျှင်ဖြစ်စေ အသက် ၄ နှစ်ပြည့်သည်အထိ မိခင်နှင့်အတူ အကျဉ်းထောင်၌ နေထိုင်ခွင့် ပြုရမည်၊

(ခ) မိခင်ဖြစ်သူက ဆန္ဒရှိလျှင် ပုဒ်မခွဲ (က)ပါ ကလေးသူငယ်အား အသက် ၆ နှစ်ပြည့်သည်အထိ မိခင်နှင့်အတူ အကျဉ်းထောင်၌ ဆက်လက်နေထိုင်ခွင့်ပြုနိုင်သည်၊

(ဂ) မိခင်နှင့်အတူ အကျဉ်းထောင်၌ နေထိုင်သော ကလေးသူငယ်၏ စားဝတ်နေရေးနှင့် ကျန်းမာရေးတို့ကို တာဝန်ယူရမည်၊

(ဃ) အမျိုးသမီး အကျဉ်းသားတစ်ဦး အကျဉ်းထောင်၌ ကွယ်လွန်သည့်အခါ အတူနေ ကလေးသူငယ်တစ်ဦးဦး ကျန်ရစ်ခဲ့ပါက သို့မဟုတ် အကျဉ်းသားအမျိုးသမီးနှင့် အတူနေထိုင်သော ကလေးသူငယ် အသက် ၆ နှစ်ပြည့်ပါက ယင်းကလေးသူငယ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် စီစဉ်ပေးနိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ အမြန်ဆုံး အကြောင်းကြားရမည်။

၅၄။ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၅၃ ပုဒ်မခွဲ (ဃ) ပါ ကလေးသူငယ်ကို ထိန်းသိမ်းစောင့်ရှောက်မည့် ဆွေမျိုးသားချင်းများထံ အပ်နှံစေနိုင်သည် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်မည့် ဆွေမျိုးသားချင်းများ မရှိလျှင် သင့်လျော်သော သင်တန်းကျောင်းသို့ ဖြစ်စေ၊ စောင့်ရှောက်သူထံဖြစ်စေ အပ်နှံစေနိုင်သည်။

## အခန်း (၁၃)

## သင်တန်းကျောင်း၊ ယာယီစောင့်ရှောက်ရေးစခန်း၊ ဂေဟာ၊ ကလေး ပြုစုစောင့်ရှောက်ရေးဌာန

၅၅။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် အောက်ပါတို့ကို တည်ထောင်ထားရှိရမည်-

(က) ဤဥပဒေအရ ပို့အပ်သည့် ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေး သူငယ် သို့မဟုတ် ပြစ်မှုကျူးလွန်သော ကလေးသူငယ်ကို ထိန်းသိမ်း စောင့်ရှောက်ထားနိုင်ရန် လိုအပ်သော သင်တန်းကျောင်းများ၊

(ခ) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို အမှုစစ်ဆေးဆဲကာလအတွင်း ယာယီထိန်းသိမ်း စောင့်ရှောက်ထားနိုင်ရန် လိုအပ်သော ယာယီစောင့်ရှောက်ရေးစခန်းများ။

၅၆။ ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ်ကို ထိန်းသိမ်းစောင့်ရှောက်ထားရန် ရည်ရွယ်ချက်ဖြင့် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ် သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းက တည်ထောင်ထားသော-

(က) ဂေဟာသည် ဤဥပဒေအရ ပို့အပ်သည့် ကလေးသူငယ်များကို ထိန်းသိမ်းစောင့်ရှောက်ထားရေးအတွက် သင့်လျော်သည်ဟု ညွှန်ကြားရေးမှူးချုပ်က ယုံကြည်လျှင် အဆိုပါဂေဟာကို ဤဥပဒေ အလို့ငှာ သင်တန်းကျောင်း ဖြစ်သည်ဟု အသိအမှတ်ပြုနိုင်သည်၊

(ခ) ဂေဟာသည် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေး သူငယ်ကို အမှုစစ်ဆေးဆဲကာလအတွင်း ယာယီထိန်းသိမ်း စောင့်ရှောက်ထားရေးအတွက် သင့်လျော်သည်ဟု ညွှန်ကြားရေး မှူးချုပ်က ယုံကြည်လျှင် အဆိုပါ ဂေဟာကို ဤဥပဒေအလို့ငှာ ယာယီစောင့်ရှောက်ရေး စခန်းဖြစ်သည်ဟု အသိအမှတ် ပြုနိုင် သည်၊

၅၇။ ညွှန်ကြားရေးမှူးချုပ်သည် အသက် ၅ နှစ် မပြည့်သေးသော ကလေးသူငယ်များကို ပြုစုစောင့်ရှောက်ပေးနိုင်ရေးအတွက် လိုအပ်သော ကလေးပြုစုစောင့်ရှောက်ရေးဌာနများကို နယ်မြေ ဒေသအလိုက် တည်ထောင် ထားရှိနိုင်သည်။

၅၈။ ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်-

(က) ကိုယ်အားကိုယ်ကိုး စနစ်ဖြင့် တည်ထောင်ထားသော နေ့ကလေးထိန်းကျောင်းများ၊ မူလတန်းကြို ကျောင်းများကို လိုအပ်သလို ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ လမ်းညွှန်ခြင်း၊ ကျွမ်းကျင်မှုအကူအညီပေးခြင်း၊ အထောက်အပံ့ပေးခြင်း၊

(ခ) စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ် သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းက တည်ထောင်ထားသော ဂေဟာများကို လိုအပ်သလို ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ လမ်းညွှန်ခြင်း၊ ကျွမ်းကျင်မှုအကူအညီပေးခြင်း၊ အထောက်အပံ့ချပေးခြင်း၊

(ဂ) အခကြေးငွေယူ၍ တည်ထောင်ထားသော ပုဂ္ဂလိက နေ့ကလေးထိန်းကျောင်းများ၊ မူလတန်းကြို ကျောင်းများကို လိုအပ်သလို ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ လမ်းညွှန်ခြင်း၊ ကျွမ်းကျင်မှုအကူအညီပေးခြင်း၊

(ဃ) ဤဥပဒေအရ တည်ထောင်ထားသော သို့မဟုတ် အသိအမှတ်ပြုထားသော သင်တန်းကျောင်းများနှင့် ယာယီစောင့်ရှောက်ရေးစခန်းများကို စစ်ဆေးခြင်း၊ သင့်လျော်သော ပုဂ္ဂိုလ် သို့မဟုတ် ကော်မတီတစ်ရပ်ရပ်အား စစ်ဆေးစေခြင်း။

## အခန်း (၁၄)

## ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ

၅၉။ ဝန်ကြီးသည်–

(က) သင်တန်းကျောင်း သို့မဟုတ် စောင့်ရှောက်သူထံ ဤ ဥပဒေ အရ ပို့အပ်ထားသော ကလေးသူငယ်ကို စည်းကမ်းချက်ထား၍ ဖြစ်စေ၊ မထားဘဲ ဖြစ်စေ လွှတ်ရန် မည်သည့်အခါမဆို အမိန့်ချမှတ်နိုင်သည်၊

(ခ) ကလေးသူငယ်အတွက် အကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်လျှင် ထောင်ဒဏ်ကျခံနေရသည့်ကလေးသူငယ်ကို အသက် ၁၈ နှစ် ပြည့်သည့်နေ့အထိ သင်တန်းကျောင်း သို့မဟုတ် စောင့်ရှောက်သူထံ ရွှေ့ပြောင်းထားရန် အမိန့်ချမှတ်နိုင်သည်၊

(ဂ) ပုဒ်မခွဲ (ခ) အရ ရွှေ့ပြောင်းထားသည့် ကောင်းမွန်စွာ နေထိုင်ခြင်းပြုသော ကလေးသူငယ်၏ ကျန်ရှိနေသေးသော ထောင်ဒဏ်ကာလကို ပြန်လည် အကျိုး မသက်ရောက်စေရဟု အမိန့်ချမှတ်နိုင် သည်၊

(ဃ) ပုဒ်မခွဲ (ခ) အရ ရွှေ့ပြောင်းထားသည့် ကောင်းမွန်စွာ နေထိုင်ခြင်းမပြုသော ကလေးသူငယ်၏ ကျန်ရှိနေသေးသော ထောင်ဒဏ်ကာလကို ပြန်လည် အကျိုးသက်ရောက်စေနိုင်သည်။ ထိုသို့ ပြန်လည် အကျိုးသက်ရောက်စေလျှင် သင်တန်းကျောင်း သို့မဟုတ် စောင့်ရှောက်သူထံတွင် ကလေးသူငယ် နေထိုင်ခဲ့သည့် ကာလကို ပြစ်ဒဏ်ကျခံပြီး ကာလအဖြစ် ထည့်သွင်းရေတွက်ရမည်။

၆၀။ ဝန်ကြီးသည်-

(က) လူမှုဝန်ထမ်းဦးစီးဌာန၏ ရုံးဖွင့်လှစ်ထားခြင်း မရှိသေးသော နယ်မြေဒေသများတွင် ဤဥပဒေအရ လူမှုဝန်ထမ်း အရာရှိ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် အစိုးရဝန်ထမ်းကို ဖြစ်စေ၊ အစိုးရ ဝန်ထမ်း မဟုတ်သည့် သင့်လျော်သော နိုင်ငံသားကိုဖြစ်စေ လူမှုဝန်ထမ်း အရာရှိ အဖြစ် တာဝန်ပေးနိုင်သည်၊

(ခ) အစိုးရဝန်ထမ်းကို လူမှုဝန်ထမ်း အရာရှိအဖြစ် တာဝန်ပေးရေး အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ကြိုတင် ညှိနှိုင်းရမည်။

## အခန်း (၁၅)

## ကလေးသူငယ်ကြီးကြပ်သူ

၆၁။ ညွှန်ကြားရေးမှူးချုပ်သည် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းကို ဖြစ်စေ၊ အစိုးရဝန်ထမ်းမဟုတ်သည့် သင့်လျော်သောနိုင်ငံသားကိုဖြစ်စေ ကလေးသူငယ် ကြီးကြပ်သူအဖြစ် တာဝန်ပေးနိုင်သည်။

၆၂။ ကလေးသူငယ် ကြီးကြပ်သူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်း ဖြစ်သည်-

(က) ကလေးသူငယ်တရားရုံးက ကလေးသူငယ်နှင့် ပတ်သက်၍ တာဝန်ပေးအပ်ပါက လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး အစီရင်ခံစာ တင်သွင်းခြင်း၊

(ခ) မိမိ၏ ကြီးကြပ်စီမံခြင်းကို ခံယူရန် အမိန့် ချမှတ်ခြင်း ခံရသော ကလေးသူငယ်အား သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ကြီးကြပ်စီမံခြင်း၊

(ဂ) ကလေးသူငယ် တစ်ဦးအား ဤဥပဒေအရ ကာကွယ် စောင့်ရှောက်ရန် လိုအပ်နေကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာ လူမှုဝန်ထမ်းအရာရှိထံ တင်ပြခြင်း၊

(ဃ) ကလေးသူငယ်တစ်ဦးဦး ဘေးအန္တရာယ် တစ်စုံတစ်ရာ ကျရောက်ရန်အကြောင်းရှိကြောင်း သို့မဟုတ် ဘေးအန္တရာယ် ကျရောက်နေကြောင်း သိရှိရလျှင် သက်ဆိုင်ရာ ရဲအရာရှိသို့ ဖြစ်စေ၊ ကလေးသူငယ်တရားရုံးသို့ ဖြစ်စေ သတင်းပေးပို့ခြင်း၊

(င) သင်တန်းကျောင်း၊ ဂေဟာ၊ ယာယီ စောင့်ရှောက်ရေး စခန်း သို့မဟုတ် စောင့်ရှောက်သူထံမှ ထွက်ပြေးနေသည့် ကလေးသူငယ်ကို တွေ့ရှိလျှင် ဝရမ်း မပါဘဲ ဖမ်းဆီး၍ သက်ဆိုင်ရာ ရဲအရာရှိသို့ အပ်နှံခြင်း၊

(စ) ကလေးသူငယ်များ၏ ကောင်းရာ ကောင်းကျိုးအတွက် သက်ဆိုင်ရာ မိဘ၊ အုပ်ထိန်းသူများ၊ ရပ်ရွာလူကြီးများ၊ လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းတိုင်ပင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) လူမှုဝန်ထမ်းဦးစီးဌာနက ပေးအပ်သော ကလေးသူငယ်နှင့်ပတ်သက်သည့် တာဝန်များ ထမ်းဆောင်ခြင်း။

## အခန်း (၁၆)

## စေတနာ့ဝန်ထမ်းပုဂ္ဂိုလ် သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းက တည်ထောင်သော ဂေဟာများ

၆၃။ (က) စေတနာ့ဝန်ထမ်းပုဂ္ဂိုလ် သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ်များကို မိမိအစီအစဉ်ဖြင့် ထိန်းသိမ်း စောင့်ရှောက်ရန် ဂေဟာများတည်ထောင်နိုင်သည်၊

(ခ) ပုဒ်မခွဲ (က) အရ တည်ထောင်သည့် ဂေဟာကို လူမှု ဝန်ထမ်း ဦးစီးဌာနတွင် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်ရမည်၊

(ဂ) မှတ်ပုံတင်ခွင့် ရရှိပြီးသောဂေဟာသည်—

(၁) ကလေးသူငယ်များ၏ အကျိုးစီးပွား သက်သက်ကိုသာ ဆောင်ရွက်ရမည်၊

(၂) လူမှုဝန်ထမ်းဦးစီးဌာန၏ ကြီးကြပ်မှု၊ စစ်ဆေးမှုနှင့် လမ်းညွှန်မှုတို့ကို ခံယူရမည်၊

(၃) လူမှုဝန်ထမ်းဦးစီးဌာန၏ အထောက်အပံ့နှင့် ကျွမ်းကျင်မှု အကူအညီကို ရယူနိုင်သည်။

၆၄။ ပုဒ်မ ၆၃ အရ တည်ထောင်သည့်ဂေဟာကို ပုဒ်မ ၅၆ ပုဒ်မခွဲ (က) အရ သင်တန်းကျောင်း အဖြစ်လည်းကောင်း၊ ပုဒ်မ ၅၆ ပုဒ်မခွဲ (ခ) အရ ယာယီစောင့်ရှောက်ရေး စခန်းအဖြစ်လည်းကောင်း လူမှုဝန်ထမ်းဦးစီးဌာနက အသိအမှတ်ပြုပါက ထိုဂေဟာသည် ဤဥပဒေအရ ပို့အပ်သည့် ကလေးသူငယ်များကိုလည်း လက်ခံထိန်းသိမ်း စောင့်ရှောက်ပေးရမည်။

## အခန်း (၁၇)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၆၅။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၆လ အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်—

(က) ကလေးသူငယ်အား အသက်အားအန္တရာယ် ဖြစ်စေနိုင်သော သို့မဟုတ် ရောဂါဝေဒနာ ခွဲကပ်စေနိုင်သော

သို့မဟုတ် အကျင့်စာရိတ္တ ပျက်ပြားစေနိုင်သော အလုပ်ကို ခိုင်းစေခြင်း သို့မဟုတ် လုပ်ကိုင်ခွင့်ပြုခြင်း၊

(ခ) အရက်ကို သီးသန့်ရောင်းချသော နေရာသို့ ကလေးသူငယ်အား ခေါ်ဆောင်သွားခြင်း သို့မဟုတ် ဝင်ရောက်ခွင့်ပေးခြင်း၊ ကလေးသူငယ်အား အရက်ဝယ်ခိုင်းခြင်း၊ အရက်ရောင်းချခြင်း၊ အရက်သောက်ရန် ခွင့်ပြုခြင်း၊ အရက်ရောင်းဝယ်သည့်လုပ်ငန်း တွင် အလုပ်ခိုင်းစေခြင်း သို့မဟုတ် အလုပ်လုပ်ခွင့်ပြုခြင်း၊

(ဂ) ကလေးသူငယ်အား လောင်းကစားရန် တိုက်တွန်းခြင်း၊ သွေးဆောင်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊

(ဃ) ကလေးသူငယ်ထံမှ ပစ္စည်းတစ်စုံတစ်ရာကိုအပေါင်ခံခြင်း၊ ကလေးသူငယ် ပစ္စည်းပေါင်နှံသည်ကို တစ်နည်းနည်းဖြင့် အားပေးကူညီခြင်း၊

(င) ကြောင်းသော အသက်မွေးဝမ်းကျောင်းအဖြစ်ဖြင့် ဈေးရောင်းသူ ကလေးသူငယ်ထံမှ ပစ္စည်းဝယ်ယူခြင်းမှ တစ်ပါး ကလေးသူငယ် ရောင်းချသည့် ပစ္စည်းတစ်စုစုကို ဝယ်ယူခြင်း၊

(စ) ကလေးသူငယ်တစ်ဦးအား သင်တန်းကျောင်း၊ ဂေဟာ၊ ယာယီ စောင့်ရှောက်ရေးစခန်း သို့မဟုတ် စောင့်ရှောက်သူထံမှ ထွက် ပြေးရန် သွေးဆောင် ဖြားယောင်းခြင်း၊ ထွက်ပြေးရာတွင် အားပေးကူညီခြင်း၊ ထွက်ပြေးလာသည်ကို သိလျက်နှင့် လက်သင့် ခံခြင်း၊ ဖုံးကွယ်ထားခြင်း သို့မဟုတ် မူလနေရာသို့ ပြန်မသွားစေရန် တားမြစ်ခြင်း။

၆၆။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအားထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်–

(က) မိမိအုပ်ထိန်းမှုအောက်ရှိအသက် ၁၆ နှစ် မပြည့်သေးသော မိန်းကလေးသည် ပြည့်တန်ဆာအဖြစ် အသက်မွေးဝမ်းကျောင်း ပြုနေသည်ကို သိလျက်နှင့် တမင်လျစ်လျူရှုထားခြင်း၊

(ခ) မိမိအုပ်ထိန်းမှုအောက်ရှိ ကလေးသူငယ်အား ပြည့်တန်ဆာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုစေသူနှင့်အတူ နေထိုင်စေရန် သို့မဟုတ် ပေါင်းသင်းသွားလာစေရန် ခွင့်ပြုခြင်း၊

(ဂ) မိမိကိုယ်ကျိုးစီးပွားအတွက် ကလေးသူငယ်အား တောင်းရမ်းခိုင်းခြင်း၊ မိမိအုပ်ထိန်းမှုအောက်ရှိ ကလေးသူငယ် တောင်းရမ်းစားသောက်နေသည်ကို တားမြစ်ရန် ပျက်ကွက်ခြင်း၊ မိမိက တောင်းရမ်းစားသောက်ရာတွင် ကလေးသူငယ်ကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊

(ဃ) မိဘ၊ ဆရာ သို့မဟုတ် အုပ်ထိန်းခွင့်ရှိသူက လိမ္မာစေရန် ဆုံးမခြင်းမျိုးမှတစ်ပါး ကလေးသူငယ်အား တမင် နှိပ်စက်ညှဉ်းပန်းခြင်း၊

(င) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ် သို့မဟုတ် မှုခင်း တစ်ရပ်ရပ်တွင် သက်သေအဖြစ် ပါဝင်သော ကလေးသူငယ်သည် မည်သူမည်ဝါဖြစ်ကြောင်း သိသာထင်ရှားစေနိုင်သော သတင်းအချက်အလက်များကို သက်ဆိုင်ရာ ကလေးသူငယ်တရားရုံး၏ ကြိုတင် ခွင့်ပြုချက် မရရှိဘဲ နေ့စဉ်ထုတ်၊ ရုပ်ရှင်၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ် သို့မဟုတ် စာစောင်တွင် ထည့်သွင်း ဖော်ပြခြင်း၊ ကြေညာခြင်း၊ ကလေးသူငယ်၏ ဓာတ်ပုံကို ဖော်ပြခြင်း၊ အသုံးပြုခြင်း၊

(စ) ကလေးသူငယ်အား ညစ်ညမ်းသော ရုပ်ရှင်၊ ဗွီဒီယို၊ ရုပ်မြင်သံကြား သို့မဟုတ် ဓာတ်ပုံရိုက်ကူးခြင်း။

## အခန်း (၁၁)

# ပြစ်မှုကျူးလွန်သော လူငယ်

၆၇။ ပြစ်မှုကျူးလွန်သည့်အချိန်တွင် အသက် ၁၆ နှစ်ပြည့်ပြီးဖြစ်သော်လည်း အသက် ၁၈ နှစ်မပြည့်သေးသည့် လူငယ်အား ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆို တင်ပို့ရာတွင် ယင်းပြစ်မှုကို စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးသို့ တရားစွဲဆို တင်ပို့ရမည်။ ယင်းသို့ တရားစွဲဆို တင်ပို့ရာတွင် လူငယ်၏ အသက်နှင့် စပ်လျဉ်းသော အထောက်အထား ပူးတွဲပါရှိစေရမည်။

၆၈။ သက်ဆိုင်ရာ တရားရုံးသည် လူငယ်အား စွဲဆိုသည့်ပြစ်မှုကို စတင်စစ်ဆေးခြင်းမပြုမီ အမှုတွဲပါ မွေးစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နိုင်ငံခြားသားမှတ်ပုံတင် လက်မှတ်၊ ကျောင်းဝင်မှတ်ပုံတင်စာရင်း ကောက်နုတ်ချက် မိတ္တူမှန်၊ ဆရာဝန်၏ဆေးစာ သို့မဟုတ် အခြားနိုင်လုံသော အထောက်အထားများအရ လူငယ်ဖြစ်မဖြစ် ဆုံးဖြတ်၍ မှတ်တမ်း တင်ထားရမည်။

၆၉။ စီရင်ချက်ချမှတ်သည့်နေ့တွင် လူငယ်၏အသက် ၁၈ နှစ်ပြည့်သွားစေကာမူ တရားရုံးသည် ထိုသူအား လူငယ်ဖြစ်စဉ်ကာလကဲ့သို့ မှတ်ယူကာ အမိန့်ချမှတ်ရမည်။

၇၀။ တရားရုံးသည် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသော လူငယ်အပေါ် အမိန့်ချမှတ်ခြင်းမပြုမီ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရမည်–

(က) လူငယ်၏အသက်နှင့် အကျင့်စာရိတ္တ၊

(ခ) လူငယ်နေထိုင်သော ပတ်ဝန်းကျင်အခြေအနေ၊

(ဂ) လူငယ်၏ ကိုယ် စိတ်အခြေအနေ၊

(ဃ) ပြစ်မှုကျူးလွန်ရသည့် အကြောင်းရင်း။

၇၁။ တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ—

(က) လူငယ်ကို သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ် ချမှတ်ခြင်း မပြုရ၊

(ခ) လူငယ်အား ထောင်ဒဏ်ချမှတ်လျှင် အများဆုံး ထောင်ဒဏ်ကာလသည် ၁၀ နှစ်ထက် မပိုစေရ။

## အခန်း (၁၉)

## အထွေထွေ

၇၂။ ဤဥပဒေတွင် သီးခြားပြဋ္ဌာန်းချက် မပါရှိလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

၇၃။ ၁၉၅၅ ခုနှစ်၊ ကလေးသူငယ်များ အက်ဥပဒေအရ—

(က) လူမှုဝန်ထမ်းဦးစီးဌာနက တည်ထောင်ထားသော သင်တန်းကျောင်းများသည် ဤဥပဒေအရ လူမှုဝန်ထမ်းဦးစီးဌာနက တည်ထောင်ထားသော သင်တန်းကျောင်းများဖြစ်သည်ဟု မှတ်ယူရမည်၊

(ခ) လူမှုဝန်ထမ်းဦးစီးဌာနက သင်တန်းကျောင်း သို့မဟုတ် ရုမန်ဂေဟာအဖြစ် အသိအမှတ်ပြုထားသော ဂေဟာများသည် လူမှုဝန်ထမ်းဦးစီးဌာနက သတ်မှတ်သည့်ကာလအတွင်း သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ မှတ်ပုံတင်လျှောက်ထားရမည်၊

(ဂ) ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်၊

၇၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်—

(က) ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၊ တရားရုံးချုပ်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့ အစည်းများသည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင် သည်။

၇၅။ အောက်ပါဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်—

(က) The Young Offenders Act, 1930;

(ခ) ၁၉၃၅ ခုနှစ်၊ ကလေးသူငယ်များ အက်ဥပဒေ။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့